# Chapter 11
# အခန်း (၁၁)

## အချိန်ပြည့်အမှုတော်ဆောင်များ
## Full Time Ministers

"အစွန့်အကြံခံခြင်းအရာထက် စွန့်ကြံခြင်းအရာသည် သာ၍မင်္ဂလာရှိ၏" ဟူသော ယေရှု၏စကားတော်သည် လူတိုင်းက သိရှိကြပါသည်။ သို့သော် ဤအကြောင်းအရာကို မည်သည့်နေရာတွင် မှတ်တမ်းတင်ထားသည်ကို မသိကြပေ။ ၎င်း ယေရှု၏ စကားကို သတင်းကောင်းစာအုပ်များ (မဿဲ၊ မာကု၊ လုကာ၊ ယောဟန်) ထဲတွင် မတွေ့ရပေ။ ဤသခင်ယေရှုစကားတော်ကို သင်းအုပ်ဆရာများ တွေ့ဆုံသော ညီလာခံကြီးတစ်ခုတွင် တမန်တော်ပေါလုဟောပြောခြင်းမှ ကိုးကားထားပါသည် (တမန် ၂၀း၃၂-၃၅)။ အံ့သြဖွယ်ကောင်းသောအရာသည် ပေါလုကသင်းအုပ်ဆရာများအား အသင်းတော်မှ တစ်စုံတစ်ခုရရှိခြင်းထက် အသင်းတော်သို့ ရွှေ၊ငွေနှင့် လက်ဝတ်ရတနာပစ္စည်းများ ပေးလှူကြသည့် အဆင့်နေရန်အတွက် ညွှန်ကြားခြင်းဖြစ်သည်။

### မန်တော်ဝတ္ထု ၂၀
### Acts 20

သခင်ယေရှုက ထိုကဲ့သို့ပြောခဲ့ပါက သင်းအုပ်ဆရာများ၏ အသက်မွေးဝမ်းကျောင်းက အသင်းတော်မှ ရရှိသင့်သလော။ တမန်တော်ဝတ္ထု ၂၀ ထဲတွင် ဧဖက်မြို့တွင်ရှိသော သင်းထောက်လူကြီးများထံသို့ သင်းထောက်လူကြီးဖြစ်ခြင်း၏ တာဝန်ဝတ္တရားများကို ပေါလုက တိကျစွာဖြင့် ညွှန်ပြထားပါသည်။ ငွေကြေးနှင့်ပတ်သတ်၍ သူများပိုင်ဆိုင်သော ငွေ (သို့) ရွှေတွေကို ပေါလုက တပ်မက်ခြင်းမရှိပေဟု သူဖော်ပြထားပါသည်။ အကယ်တမ်းကျတော့ သူ၏လက်ကိုအသုံးကာ (၁၈း၁) "ကြိုးစားအားထုတ်ခြင်း" အားဖြင့် ပေါလုသည် မိမိကိုယ်ကို အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည် (၂၀-၃၄-၃၅)။ ပေါလု၏ အသက်မွေးဝမ်းကျောင်းပြုသော နည်းလမ်းကို တုခိုးပြီး သူတို့၏အသက်မွေးဝမ်းကျောင်းရရှိရေးအတွက် အလုပ်ကိုယ်စီရှိသင့်သည်။ သို့မှသာ အားနည်းသောသူများကို ကူညီမစနိုင်မည်ဖြစ်သည်။ ထိုအပြင် သခင်ယေရှုခရစ်တော် ပြောခဲ့သည့်အတိုင်း စွန့်ကြံခြင်းအရာသည် သာ၍မင်္ဂလာရှိဟူသောတရားအတိုင်း သူတို့သည် လိုက်လျှောက်အသက်ရှင်နိုင်ပါလိမ့်မည်။ ထို့ကြောင့် တမန် ၂၀း၃၂-၃၅ ထဲ၌ ဖော်ပြထားသည့်အတိုင်း အသင်းတော်သို့ ငွေကြေးပေးလှူနိုင်သည့် အဆင့် ယေဘုယျအားဖြင့် ရှိရမည်ဖြစ်သည်။

### ကောရိန္တုသြဝါဒစာပဌမစောင် (၉)
### First Corinthians 9

သို့သော် ကောရိန္တုသြဝါဒစာပဌမစောင် ၉း၁၄ ထဲတွင် "ဧဝံဂေလိတရားဟောသောသူတို့သည် ဧဝံဂေလိတရားကို အမှီပြု၍ အသက်မွေးရမည်" ဟု ဖော်ပြထားသည်မဟုတ်လော။ ကောရိန္တုသြဝါဒစာပဌမစောင် ၉ ကိုလေ့လာသောအခါ ဓမ္မသစ်ခေတ်ကာလတွင်ရှိသော အနည်းဆုံးအဖွဲ့အစည်း သုံးခုက သူတို့၏ သာသနာလုပ်ငန်းကို အမှီပြု၍ အသက်မွေးသည်ကို တွေ့ရသည်။ ၎င်းတို့မှာ တမန်တော်များ (၁-၆)၊ ဘုရားသခင်၏ညီများ (၉း၅)နှင့် ဧဝံဂေလိ ဆရာများ (၉း၁၄) တို့ဖြစ်ကြသည်။ ဤတရားမှန်ကန်သည်ကို ဆုံးဖြတ်နိုင်ဖို့ရန်အတွက် ပေါလု ဖော်ပြထားသည့်အတိုင်း အချက်အလက်များကို စုစည်းရမည်းဖြစ်သည်။

- "လူသားတစ်ယောက်ကဲ့သို့ မြင်တွေ့ခြင်း(စစ်သား၊ စပျစ်ဥယျာဉ်ခြံစောင့်သူ၊ သိုးထိန်းသူ)
- "မောရှေ၏ ပညတ်တော်" (နွားထီး၊ ဗိမာန်တော်၌ အမှုထမ်းသော ယဇ်ပုရောဟိတ်များ)

- ဝိညာဉ်ပိုင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း/ယုတ္တိရှိရှိတွေးတောခြင်း (ဝိညာဉ်မျိုးစေ့/ အသီး အနှံရိတ်သိမ်းခြင်း) ၉း၁၁။
- ယေရှု၏ စကားတော် ၉း၁၄။

"လူတစ်ယောက်ကဲ့သို့ မြင်တွေ့ခြင်း" နှင့်ပတ်သက်၍ (၉း၈)၊ ပေါလု "အဘယ်သူသည် ကိုယ်စရိတ်အသုံးပြု၍ စစ်မှုကို ထမ်းရသနည်း။ အဘယ်သူသည် ဥယျာဉ်ကိုစိုက်ပျိုး၍ အသီးကို မစားပဲနေရသနည်း။ အဘယ်သူသည် သိုးထိန်းလုပ်၍ သိုးနို့ကို မသုံးပဲနေရသနည်း (၉း၇)။ အဖြေသည် ရှင်းလင်းပြတ်သားပါသည်။ လူတိုင်းသည် သူတို့၏ လုပ်ငန်းကိုမှီခို၍ အသက်မွေး သည်။ တမန်တော်များ၊ အသင်းတော်တည်ထောင်သူများ၊ သာသနာလုပ်ငန်းလုပ်ကိုင်သူတို့သည် သူတို့၏ လုပ်ငန်းကို မှီခို၍ အသက်မွေးရမည်ဖြစ်သည်။

ထို့နောက် "ပညာတော်" ရှုထောင့်မှကြည့်လျှင် (၉း၈) ပေါလုက မှန်ကန်သောတရားကို ဆက်လက်ဖော်ပြထားပါသည်။ "စပါးနင်းသောနွား၏ နှုတ်ကိုမချုပ်တည်းရဟု လာ၏" (၉း၉)။ တမန်တော်များနှင့် နှိုင်းယှဉ်ပါက ပေါလုက "ဘုရားသခင်သည် နွားကိုသာမဏာမပြုတော်မူသ လော"။ သူကငါတို့ကို ဖော်ပြလိုခြင်းမဟုတ်လော" (၉း၉-၁၀)။ နွားသည် သူတို့လုပ်သောအရာ ကို စားနိုင်လျှင်တမန်တော်များကလည်း သူတို့လုပ်သောအရာအားဖြင့် အသက်မွေးလိမ်ကမည်ဖြစ် သည်။ "ဓမ္မကိစ္စအမှုကို ဆောင်ရွက်သောသူတို့သည် ဗိမာန်တော်ကိုအမှီပြု၍ စားရသည်ကိုင်၊ ယဇ်ပရောဟိတ်အမှုကို ဆောင်ရွက်သောသူတို့သည် ယဇ်ပလ္လင်နှင့်ဆက်ဆံ၍စားသည်ကိုင်၊ သင်တို့မသိကြသလော" (၉း၁၃)။

ပေါလုက ဝိညာဉ်ပိုင်းဆိုင်ရာ ရိတ်သိမ်းခြင်းနှင့် ပြန့်ကျဲခြင်းကိုလည်း အရေးပေးဖော်ပြ ထားပါသည်။ "သင်တို့၌ အဓမ္မမျိုးစေ့ကိုစိုက်ပြီးမှ သင်တို့၏လောကီအသီးကို သုံးဆောင်လျှင် ကျေးဇူးကြီးမည်လော" (၉း၁၁)။ ပေါလုက "ဤမှန်ကန်သောထောက်ပံ့မှု" သည် "သာ၍ရထိုက် သောအရာ" ဖြစ်သည်ဟု နိဂုံးချုပ်သည် (၉း၁၂)။

ပေါလု၏နောက်ဆုံးဖော်ပြချက်သည် သခင်ဘုရား၏ စကားလုံးထဲတွင် တွေ့ရှိနိုင်သည်။ "ဧဝံဂေလိဟောသောသူတို့သည် ဧဝံဂေလိတရားကို အမှီပြု၍ အသက်မွေးရမည်" (၉း၁၄)။ ၎င်း သည် ဧဝံဂေလိဆရာများအတွက် ဧဝံဂေလိတရားကို အမှီပြု၍အသက်မွေးပါက တမန်တော်အမှု တော်ဆောင်သောသူသည် တမန်တော်အမှုကို အမှီပြု၍ အသက်မွေးရမည်။

ကောရိန္သုသဝါဒစာပဌမစောင်သည် သခင်ယေရှုစေလွှတ်ခြင်း (သို့) နယ်လှည့်ဧဝံဂေလိ တရားဟောပြောရန်နှင့် အသင်းတော်တည်ထောင်ရန်အတွက် အသင်းတော်မှစေလွှတ်ခြင်း ခံရသော တမန်များ၏အခွင့်အရေးများနှင့် သက်တိုင်ပါသည်။ (missionary ဟူသောစကားလုံးကို သမ္မာကျမ်း စာထဲတွင် မတွေ့ရပေ။ ဤလုပ်ငန်းကို ဆောင်ရွက်သောသူတို့သည် တမန်တော်များ၊ ဧဝံဂေလိ ဆရာများဟု ခေါ်ပါသည်။) ဤဖော်ပြချက်ကို ကြည့်ခြင်းအားဖြင့် ဤကဲ့သို့သော သူတို့က ငွေကြေးပိုင်းဆိုင်ရာ ထောက်ပံ့ကြေးရယူရန် "အခွင့်" (၉း၁၂) ရှိသည်။ ဤစာပိုဒ်ကို သင်းထောက်လူကြီးများအတွက် ဖော်ပြလိုသည်ဟု ပြောလျှင်မှားမည်လော။ ပေါလုသည် သတင်း ကောင်း(၉း၁၅၊ ၁၈) ကို မှီခို၍ "အသက်မွေး" ရန်အတွက် သူ၏တမန်တော်နှင့် ပတ်သက်သော ရသင့်ရထိုက်သော "အခွင့်အရေး" ကို သူမရလိုပေ။ ထိုနည်းတူ ဇေဖက်မြို့တွင်ရှိသော အသင်း တော်လူကြီးများသည်လည်း သူပြသခဲ့သော စံနမူနာကို အတုခိုးရန်ခိုင်မာစွာ သူတိုက်တွန်းခဲ့ပါ သည် (၁သက် ၂း၉၊ ၂သက် ၃း၇-၉)။

ထူးဆန်းမှုတစ်ခုသည် ကောရိန္သုသဝါဒစာပဌမစောင် ၉ ထဲတွင် တမန်တော်များ၏ ရသင့်ရထိုက်သော အခွင့်အရေးများကို ဂဃနဏ သူရေးသားပြီးနောက် ပေါလုက ဤကဲ့သို့ နောက်ထပ်ထည့်သွင်း ဖော်ပြထားပါသည်။ "သို့သော်လည်း ထိုအခွင့်ကို ငါသည်အလျင်းမသုံး၊ သင်တို့သည် ငါအားထိုသို့ပြုစေခြင်းငှါ ဤစကားကို ငါရေးသည်မဟုတ်" (၁ကော ၉း၁၅)။

ပေါလုက ကောရိန္တုမြို့၌ရှိသောယုံကြည်သူများက သူ့ကိုထောက်ပံ့စေခြင်းငှါ ဤကဲ့သို့ ရေးသားထားခြင်းမဟုတ်လျှင် (၁ကော ၉း၁၅) သူက အဘယ်ကြောင့်ဤကဲ့သို့ ရေးသားခဲ့သနည်း။ အံ့ဩဖွယ်ရာ တစ်ခုကတော့ ကောရိန္တုဩဝါဒစာပဌမစောင် အခန်းကြီး ၉ သည် အထူးသဖြင့် မှတ်သားဖွယ်ကောင်းသော စာပိုဒ်ဖြစ်သည်။ ကောရိန္တုဩဝါဒစာပဌမစောင် အခန်းကြီး ၈ ထဲတွင် ပေါလုဖော်ပြလိုသော အဓိကခေါင်းစဉ်ဖြင့် စတင်ခဲ့သည်။ ၎င်းသည် သူတစ်ပါးအတွက် ထိမိ၍ လဲစရာ မဖြစ်မိပါစေနှင့်ဟူ၍ ဖြစ်သည် (ရုပ်တု ယဇ်ပလ္လင်ပေါ်တွင် တင်သောအစားအစာ ၈း၉)။ ပေါလုသည် သာသနာလုပ်ငန်အတွက် ထောက်ပံ့ကြေးမရလိုသော သူ၏အခွင့်အရေး(၁ကော ၉) က သူသည် “သတင်းကောင်းကို မတားဆီး” လိုသောဆန္ဒကို ဖော်ထုတ်လိုခြင်းဖြစ်သည် (၉း၁၂ ၊ ၁၅)။ ထို့နောက် ကောရိန္တုမြို့ဩဝါဒစာပဌမစာစောင် အခန်းကြီး ၁၀ ထဲတွင် ပေါလုက သူ၏ အဓိကဖော်ပြလိုသော ခေါင်းစဉ်ကို ဆက်လက်တင်ပြထားသည်။ ဂျူးလူမျိုးများဖြစ်စေ၊ ဂရိလူမျိုးများဖြစ်စေ၊ ဘုရားသခင်၏အသင်းတော်ဖြစ်စေ မည်သူမည်ဝါကိုမျှ လဲကျစရာအကြောင်းမပြုရန်” သူက မိန့်ဆိုထားပါသည် (၁ကော ၁၀း၃၁–၃၂)။ ထို့ကြောင့် ကောရိန္တုဩဝါဒစာပဌမစောင် အခန်းကြီး ၉ ထဲတွင် ဖော်ပြထားသော ပေါလု၏အဓိကရည်ရွယ်ချက်သည် အသင်းတော်မှ ထောက်ပံ့ကြေးရရှိသူများကို ထောက်ပံ့ကြေးကန့်သတ်ဖို့ရန်နှင့် တိုးမြင့်ဖို့ရန်ဟူသော ကိစ္စကိုတင်ပြလိုခြင်းမဟုတ်ပေ။ ၎င်းဖော်ပြချက်များသည် သူတစ်ပါးက သိရှိနားလည်ရန် ရည်းစူး၍ ဖော်ပြခြင်းသက်သက်ဖြစ်သည်။ ထိုသို့ဆိုသော် အသင်းတော်များ၌ အမှုတော်ဆောင်သူများ ထောက်ပံ့သည့်နေရာတွင် အမြင်ကျယ်ကျယ်ဖြင့် စဉ်းစားထောက်ပံ့ရန် ဖော်ပြလိုခြင်းပင်ဖြစ်သည်။ “ဘုရားသခင်သည် နွားကိုသာပမာဏ ပြုတော်မူသလော။ သင်းတို့၌ ဓမ္မမျိုးစေ့ကို စိုက်ပြီးမှ သင်တို့၏ လောကီအသီးကို သုံးဆောင်လျှင် ကျေးဇူးကြီးမည်လော။

ကောရိန္တုဩဝါဒစာပဌမစောင် အခန်းကြီး ၉ သည် အထူးသဖြင့် သင်းထောက်လူကြီးများ ၏ အခွင့်အရေးကို ဖော်ပြလိုခြင်းမဟုတ်ပါ။ တမန်တော်များ၏ အခွင့်အရေးကိုသာ ဖော်ပြလိုခြင်းပင်ဖြစ်သည်ဟု ထင်ရှားသည်။ သို့သော် ကောရိန္တုဩဝါဒစာပဌမစောင် အခန်းကြီး ၉ ထဲ၌ရှိ သော လုပ်ထုံးလုပ်နည်းများကို အခြေခံခဲ့လျှင် သင်းထောက်လူကြီးတို့သည် အသင်းတော်ကို မှီခို ၍ အသက်မွေးလျှင်ခွင့်လွတ်၍မရသော အပြစ်ဖြစ်လိမ့်မည်လော။ တမန်တော်ဝတ္ထု အခန်းကြီး ၂၀ ကိုသာ အခြေခံလျှင် သင်းအုပ်ဆရာများ (သင်းထောက်လူကြီးများ) သည် ယေဘုယျအားဖြင့် သူတို့၏သာသနာလုပ်ငန်းမှ အချိန်ပြည့်အမှုတော်ဆောင်အဖြစ် ထောက်ပံ့ကြေးမရသည်ကို တွေ့ရှိပုံရသည်။ သို့သော် တမန်တော်ဝတ္ထုအခန်းကြီး ၂၀ ၌ဖော်ပြထားသော အကြောင်းအရာကိုသာ မှီခို၍ ၎င်းပြဿနာကို ဆုံးဖြတ်ရန်မဟုတ်ပေ။ အထက်၌ ဖော်ပြထားသော ကောရိန္တုဩဝါဒစာ ပဌမစောင် အခန်းကြီး ၉ နှင့် အောက်တွင်ဖော်ပြထားသော တိမောသေဩဝါဒစာပဌမစောင် အခန်းကြီး ၅ ကို အခြေခံပြုရမည်ဖြစ်သည်။

**တိမောသေဩဝါဒစာပဌမစောင် အခန်းကြီး ၅**
**First Timothy Chapter 5**

ဧဖက်မြို့တွင် ယာယီအမှုတော်ဆောင်အဖြစ်နေထိုင်သောသူသည် တိမောသေပင်ဖြစ်သည်။ သူသည် ပေါလု၏ခရီးသွားဖော်ဖြစ်ပြီး တမန်တော်လုပ်ငန်းလုပ်ကိုင်ရာတွင် လုပ်ဖော်ကိုင်ဖက်ဖြစ်သည် (၁သက် ၁း၁၊၂း၆)။ သစ်ဆန်းသောအယူဝါဒ ပြန့်ချီရန် ပေါလုက ထိုနေရာသို့ ထားရှိခြင်းဖြစ်သည်(၁တိ ၁း၃)။ တမန်တော်ဝတ္ထုအခန်းကြီး ၂၀ တွင်ရှိသော ဧဖပ်မြို့ရှိသင်းထောက်လူကြီးများနှင့်ပတ်သက်၍ အသင်းတော်၏ကိစ္စရပ်များ စီမံဆောင်ရွက်ရန်အတွက် တာဝန်ခန့်အပ်

ထားခြင်းမရှိသော်လည်း သင်းထောက်လူကြီးများအဖြစ် တာဝန်ထမ်းဆောင်သောသူများနှင့် “တရားဒေသနာဝေငှခြင်းနှင့် သွန်သင်ခြင်းအမှု” အတွက် ကြိုးစားအားထုတ်သော သင်းထောက်လူကြီးများထံသို့ ပေါလုကစာရေးခဲ့ခြင်းဖြစ်သည်။ သူတို့သည် နှစ်ဆသောဂုဏ်ပြုခြင်း” ခံထိုက်သည်ဟု ပေါလုကစာရေးခဲ့သည်(၁တိ ၅း၁၇)။ ထို့နောက် တိကျသောတူညီသည့် အယူအဆကိုလည်း ကောရိန္တုသြဝါဒစာပဌမစောင် အခန်းကြီး ၉း၉၊ တိမောသေသြဝါဒစာပဌမစောင် ၅း၁၈ ထဲတွင် ဖော်ပြထားပါသည်။ “အကြောင်းမူကား စပါးနင်းနယ်သောနွား၏ နှုတ်ကိုမချုပ်ရသေးဟု ကျမ်းစာလာ၏။” ဤဖော်ပြချက်တို့ကို ကျွန်တော်တို့သည် ပေါ့ပေါ့တန်တန် မတွက်သင့်ပေ။ ဖော်ပြချက်တို့သည် ရှင်းလင်းပါသည်။

သို့သော်ဂုဏ်ပြုခြင်းသည် ပေးကမ်းခြင်းကို ဆိုလိုသလော။ မဟုတ်ပါ။ ဂရိစကားလုံးအားဖြင့် Time လို့ခေါ်၍ အဓိပ္ပာယ်သည် “ရိုသေလေးမြတ်ခြင်း” ဖြစ်သည်။ ဂရိစကားဖြင့် ပေးကမ်းခြင်းသည် (misthes) ဟုခေါ်ပါသည်။ အထူးသဖြင့် ၎င်းကို တိမောသေသြဝါဒစာပဌမစောင် အခန်းကြီး ၅း၁၈ တွင် တွေ့ရသည်။ (တာဝန်ခန့်အပ်ရာတွင်အသုံးပြုသည်။) သို့သော် တိမောသေသြဝါဒစာပဌမစောင် အခန်းကြီး ၅း၁၇ (သင်းထောက်လူကြီးများနှင့်ပတ်သက်၍) တွင်တွေ့ရပေ။ Time ကို လက်ဆောင်ပဏ္ဏာပေးအပ်သည့်နေရာတွင် အသုံးပြုသည်။ လက်ဆောင်ပဏ္ဏာဟူသောစကားလုံးသည် ပစ္စည်းများရောင်းချရာတွင် ရောင်းချသူ၏အရည်အချင်းကို ချီးမြှောက်ရာတွင်အသုံးပြုခဲ့သော စကားလုံးဖြစ်သောကြောင့် ဤစာပိုဒ်ထဲတွင် ၎င်းကိုထည့်သွင်းအသုံးပြုရန် အလွန်ခက်ခဲသည်။ (သင်းထောက်လူကြီးများသည် ရောင်းချခြင်းတာဝန်ကို ထမ်းဆောင်သလော)။ Time ဟူသောစကားလုံး တိမောသေကြသဝါဒစာပဌမစောင် ၆း၁ ထဲတွင်လည်း တွေ့ရှိသည်။ “ဘုရားသခင်၏ နာမတော်နှင့်တရားတော်သည် ကဲ့ရဲ့ခြင်းနှင့်ကင်းလွတ်မည်အကြောင်း၊ အစေခံကျွန်မည်သည်ကား မိမိသခင်ကို အလွန်ရိုသေထိုက်သောသူဟူ၍ မှတ်စေ(Time )။ ကျွန်များက သူတို့၏ သခင်များထံအခငွေပေးအပ်ရမည်လော။ ဤဂုဏ်ပြုခြင်းကို လက်တွေ့ကျကျအသုံးချ ပါက ၎င်းကိုသင်ိးထောက်လူကြီးတို့သည် အပြစ်တင်ဝေဖန်ခြင်းမှ လွတ်မြောက်နိုင်ဘို့ရန်အတွက် အနည်းဆုံးလူတစ်ဦးမှအထက်က သက်သေအဖြစ်သိရှိမှသာ ဂုဏ်ပြုခြင်းကို ခံရမည်ဖြစ်သည်။ တိမောသေသြဝါဒစာပဌမစောင် ၅း၁၉ နှင့် ၅း၁၇–၁၈ တို့သည် ယုတ္တိရှိရှိဆက်နွယ်နေပါသည်။ ဂုဏ်ပြုခြင်းကို ရိုသေလေးစားခြင်းဖြစ်သည်ဟု ဖော်ပြလိုပါက (အပြစ်တင်ခြင်သည် ရိုသေလေးမြတ်ခြင်း မပြုသည်ကိုပြသသည်)။ ဂုဏ်ပြုခြင်းသည် ပေးလှူခြင်းဟုခံယူခြင်းသည် မလှပသော အရာဖြစ်သည်။ ကောင်းမွန်သော ဖော်ပြချက်သည် သက်သလောနိတ်သြဝါဒစာပဌမစောင် ၅း၁၂–၁၃ ထဲတွင်တွေ့ရသည်။ “ထိုမှတစ်ပါး၊ ညီအစ်ကိုတို့၊ သင်တို့တွင်အမှုတော်ကို ဆောင်ရွက်ခြင်း၊ သခင်ဘုရားအခွင့်နှင့် အုပ်စိုးခြင်း၊ သတိပေးခြင်းအမှုကို ပြုသောသူတို့ကို သိမှတ်၍၊ သူတို့ပြုသောအမှုကြောင့် မေတ္တာစိတ်နှင့် အလွန်ချစ်ခင်လေးမြတ်မည်အကြောင်း၊ ငါတို့သည် တောင်းပန်ကြ၏။ အချင်းချင်း အတင့်သင့်နေကြလော့။”

သို့သော် Time စကားလုံးကို သင်းထောက်လူကြီးများအတွက် ဖော်ပြလိုသော စာပိုဒ်ကို အထက်ကဖော်ပြထားသော အကြောင်းအရာမတိုင်မီ အသုံးပြုခဲ့သည်။ တိမောသေသြဝါဒစာပဌမစောင် ၅း၃ ထဲတွင် ဂုဏ်ပြုခြင်းစကားလုံးကို အင်မတန်မှလိုအပ်လျက်ရှိသော မုဆိုးမများထံ ပေးကမ်းလှူဒါန်းရန်အတွက် ပြောသည့်နေရာတွင် အသုံးပြုခဲ့ပါသည် (NIV က ၎င်းကို “သင့်လျော်သောအသိအမှတ်ပြုခြင်း” ဟု ပြောဆိုထားပါသည်)။ ဤနေရာတွင် Time ဟူသောစကားလုံးသည် ရိုသေလေးမြတ်ခြင်းအထက် ပေးကမ်းခြင်းအတွက်အသုံးပြုသည်ကို တွေ့ရှိနိုင်သည်။ မုဆိုးမများကို ထမင်းကျွေးခြင်း၊ သူမ၏မိသားစုနှင့် ဥယျာဉ်ခြံလုပ်ငန်းအတွက် ကူညီခြင်း၊ သူမ၏အိမ်သို့ အလည်သွားရောက်ခြင်း၊ သူမ၏စားဝတ်နေရေး လိုအပ်မှုအတွက် ပေးလိုခြင်းတို့ပါဝင်သည်။ ငွေကြေးနှင့်ပတ်သက်သော ကူညီထောက်ပံ့မှုများကို ဆိုလိုခြင်းဖြစ်သည်။ ရှင်မာကု ၇း၁၀ ထဲတွင် သခင်ယေရှုပြောဆိုသော ပစ္စည်းဥစ္စာထောက်ပံ့မှုများနှင့် ပတ်သက်၍ ဖော်ပြခြင်းအားဖြင့် ဂုဏ်ပြု

ခြင်းစကားလုံးကို သေချာစွာနားလည်နိုင်ပါသည်။ မောရှေ၏ပညတ်က "သင့်မိဘကို ရိုသေစွာပြု လော့" ဟု တောင်းဆိုထားပါသည်။ ယေရှုက "သင်တို့မူကား အကြင်သူသည် ကိုယ်မိဘကို သင်တို့အသုံး ရနိုင်သမျှသော ငါ၏ဥစ္စာသည် အလှူဝတ္ထုတည်းဟူသော ကော်ဘန်ဖြစ်သည်ဟု ဆို၏။ (၎င်းသည် ဘုရားသခင်ထံသို့ ပေးလှူဆက်ကပ်ခြင်းဟု ဆိုလိုသည်။) ထိုသူသည် အလျင်းမပြုရဟုတားမြစ်၍ မိမိတို့ အဆက်ဆက်ခံသော နည်းဥပဒေသအားဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပယ်ကြ၏။ ထိုသို့သော အကျင့်အလေ့များကို သင်တို့သည်ကျင့်လေ့ရှိကြ သည်ဟု မိန့်တော်မူခြင်းကို (မာကု ၇း၁၁–၁၃) ဂျူးလူမျိုးဘာသာရေးခေါင်းဆောင်များက ကြား သောအခါ ဝမ်းနည်းကြသည်။ ထို့ကြောင့်သင်းထောက်လးကြီးတို့ကို ဂုဏ်ပြုခြင်းဟု ပြောသော အခါ ဖြစ်နိုင်ချေရှိသောအရာတစ်ခုသည် ၎င်းဂုဏ်ပြုခြင်းထဲတွင် ထိုသူတို့ကို ချစ်ခြင်းမေတ္တာဖြင့် လှူဒါန်းခြင်းနှင့် ရိုသေလေးမြတ်ခြင်းတို့ပါဝင်နေသည်ကို သေချာသည်။

ထိုသို့ဖြစ်ခဲ့ပါက တိမောသေသြဝါဒစာပဌမစောင် ၅း၁၇ ထဲတွင် ပေါလုက အဘယ့် ကြောင့် misthos (အခရယူခြင်း) အစား Time (ရိုသေလေးမြတ်ခြင်း) စကားလုံးကိုအသုံးပြုသ နည်း။ အဘယ်ကြောင့်ဆိုသော် သင်းထောက်လူကြီးများနှင့် အသင်းတော်ဆက်နွယ်မှုသည် သူငါး ကဲ့သို့ အခပေးသည့် ပုံစံမျိုးမဖြစ်စေလိုခြင်းကြောင့် ပင်ဖြစ်သည်။ သူသည် သူ၏လုပ်ငန်းခွင် အတွက် အခကြေးငွေပေးစရာမလိုအပ်ခြင်းကြောင့်ဖြစ်သည်။ Jonathan Campbell က "လုပ်ငန်းခွင် အတွက် အခကြေးပေးအပ်ခြင်းနှင့် လုပ်ငန်းခွင်မှ လွတ်မြောက်ခြင်းတို့သည် ခြားနားချက်ရှိသည်" ဟု ဖော်ပြထားပါသည်။ စိတ်ဆန္ဒအလိုအလျောက် ပေးလှူခြင်း (ရိုသေလေးမြတ်ခြင်း) သည် လစာပေး ခန့်အပ်ရာမှ ရရှိသောငွေကြေးနှင့် မတူပေ။ Dan Trotter က ဤသို့ပြောဆိုခဲ့ပါသည်။ တိမောသေသြဝါဒစာပဌမစောင် ၅း၃–၁၆ ထဲတွင်ရှိသော မုဆိုးမတို့သည် လစာရရှိခြင်းအားဖြင့် ဝင်ငွေမရှိပေ။ သူတို့သည် မေတ္တာဖြင့်ပေးကမ်းသော ငွေကြေးကိုသာရရှိသည်။ ထို့နောက် "အလုပ်လုပ်သူများသည် သူ၏ကြိုးစားနှင့်ထိုက်တန်သော ငွေကြေးကိုရရှိသည်။" လုကာ ၁၀ ထဲ တွင် တပည့်တော်များက လစာ (သို့) လုခမရှိသည်ကို ကွက်ကွက်ကွင်းကွင်း တွေ့ရှိနိုင်ပါသည်။ သို့သော် ဧည့်ဝတ်ပြုခြင်းခံခဲ့ရသည် (သူတို့၏ရှေ့တွင် ထားရှိသောစားစရာများ သုံးဆောင်ခွင့်ရှိ သည်။) ဓမ္မဟောင်းကျမ်းမှ လုပ်အားခဟု ကူးကားချက် (၁တိ ၅း၁၈) သည် ဥပမာတင်စားခြင်း သာဖြစ်ပါသည်။ (ကောက်ရိုးတွေကို မစားရန်အတွက် နွား၏နှုတ်ကိုမချုပ်တည်းရဟု ပြောခြင်း သည် ဥပမာ အလင်္ကာဖြင့် ဖော်ပြလိုခြင်းပင်ဖြစ်သည်။) ဤဥပမာတင်စားခြင်းကို သူပြောလို သောအရာထက် လွန်ကဲစွာ တွေးတောပါက ခရစ်ယာန်သာသနာပြု သူတို့က ကောက်ရိုးကို စားကြပါလိမ်ကမည်။

လုပ်အားခနှင့်ပတ်သက်၍ တခြားဥပမာအလင်္ကာတစ်ခုကို ကြည့်ရလျှင် ပေါလုက တခြား အသင်းတော်များမှ ငွေကြေးရရှိသောကြောင့် ကောရိန္သုမြို့၌ရှိသော ယုံကြည်သူများထံမှ လုပ်အားခ မလိုကြောင်း သူတို့ထံ ဤစာရေးခဲ့သည်။ စပျစ်ဥယျာဉ်နှင့်ပတ်သက်၍ လုပ်အားခဟု ဖေ်ပြထား သော ကောရိန္သုသြဝါဒစာဒုတိယစောင် ၁၁း၈ သည် ဥပမာအလင်္ကာ ဖြစ်သည်ကို ထင်ရှားသည်။ ဟုတ်ပါသည်။ ၎င်းကျမ်းပိုဒ်သည် ဥပမာအလင်္ကာ ပင်ဖြစ်သည်။ ခရစ်ယာန်အမှုတော်ဆောင် တစ်ဦး (တမန်တော်ဖြစ်စေ၊ ပရောဖက်ဖြစ်စေ၊ သင်းထောက်လူကြီးဖြစ်စေ၊ သွန်သင်သောဆရာ ဖြစ်စေ၊ အမှုတော်ဆောင်မည်သူမဆို) သည် ခရစ်ယာန်များတိ အကြောင်းအမျိုးမျိုးပြကာ အလှူဒါန ရရှိရေးအတွက် ကုန်သွယ်ရေးစီးပွားရေးရှာပါက ငွေကြေးများစွာရရှိမည်ကို ကျွန်တော် မထင်ပါ။ သို့သော် တစ်မိနစ်တွင် လုပ်ဆောင်သောလုပ်အားခကို ရရှိမည်ဖြစ်သည်။ အစည်း အဝေးတွင် လူတစ်ထံသို့ အလိုအလျောက်ပေးကမ်းစေလိုသော လုပ်ထုံးလုပ်နည်းသည် မရားသော အမှု၊ ခရစ်ယာန်ဘာသာတွင် ဘုန်းတော်ကြီးများမရှိသောထုံးစံသည် မတရားသောအမှု၊ ယုံကြည် သူတိုင်းအသင်းတော်၌ ယဇ်ပရောဟိတ်အမှု ထမ်းလိုသောထုံးစံသည် မတရားသောအမှုပင်ဖြစ် သည်။ ကျွန်တော်သည် ဤအကြောင်းကို သမ္မာကျမ်းစာအတိုင်း သိရှိပြီးဖြစ်သောကြောင့် ကျွန်တော့်အတွက်

ရှုပ်ထွေးမှုမရှိပေ။ အသင်းတော်အဖွဲ့အစည်းထဲတွင်ဖြစ်ပေါ်သော အဓိက ပြဿနာသည် ငွေကြေးဖြစ်သည်။ ကောင်းမွန်စွာ လှုပ်ရှားခြင်းနှင့် သာသနာလုပ်ငန်းလုပ်ဆောင် ခြင်း မရှိခြင်းကြောင့်ဖြစ်သည်။ ဤကဲ့သို့ ပြုခြင်းသည် ဘုရားသခင်အတွက် သာမက လူသား များအတွက်ပါ မုန်းတီးရွံရှာဖွယ်ကောင်းပြီး ကျိန်ခြင်းအမင်္ဂလာသာ ဖြစ်ပါသည်။ တဖန်ကျွန်တော် တို့သည် သင်းထောက်လူကြီးများ ငှါးရမ်းခြင်းစနစ်ကို ကျင့်သုံးပါက ကျွန်ုပ်တို့သည် သမ္မာ တရားမသိသောသူများဖြစ်ကြသည်။ နိဂုံးချုပ်ရလျှင် ပေါလုသည် ၁တိမော ၅း၁၇ ထဲတွင် နှစ်ဆ သောလုပ်အားခဟု ဖော်ပြပါက လုပ်အားခဟုခေါ်သော ဂရိစကားလုံးထဲတွင် အဘယ်ကြောင့်နှစ် ဆသော misthos သို့မဟုတ် opsonion ဟု မပြောခဲ့သနည်း။ ထိုသို့ပြောခဲ့လျှင် သူဆိုလိုသောအ ရာကို ထင်ရှားစွာ သိရှိပါလိမ့်မည်။ သူသည် လုပ်အားခကို ဆိုလိုပါက အဘယ်ကြောင့်ကနဦး အသင်းတော်တွင်ရှိသော ယုံကြည်သူများကို သူ၏စံနမူနာအတိုင်း မလိုက်လျှောက်ခဲ့ကြပါသနည်း။

လန်ဒန်သင်းအုပ်ဆရာ Beresford Job က ဤကဲ့သို့ အမိန့်ပေးခဲ့ပါသည်။ "အသင်းတော် တွင် သူတို့ပါဝင်သော အစိတ်အပိုင်းဖြစ်သည့် အိမ်အသင်းတော်ကလွဲ၍ တခြားကျယ်ပြန့်သော သာသနာလုပ်ငန်းမရှိပါက ထိုအသင်းတော်တွင် အချိန်ပြည့်သင်းထောက်လူကြီး ခန့်ထားရန် လိုအပ်သည်ဟု ကျွန်တော်တွေးမိပါသည်။ ပေါလုက တိမောသေထံစာရေးသောအခါ ဤအ ကြောင်းတွေကို မိန့်ဆိုခြင်းသည် အလွန်အဓိပ္ပာယ်ရှိသည်။ သူက ထောက်ပံ့ကြေးလိုအပ်သော သင်းထောက်လူကြီးများဖော်ပြချက်၏ ယူဆချက်သည် တရားဟောခြင်းအမှုကို လုပ်ဆောင်သူနှင့် သွန်သင်ခြင်းအမှုကို လုပ်ဆောင်သောသူများကို ပြောလိုခြင်းပင်ဖြစ်သည်။ ဖေက် ၄း၁၁ ထဲတွင်ရှိ သော သာသနာလုပ်ငန်းခွင်လေးခုပါဝင်သော သာသနာလုပ်ငန်း၌ ဧဝံဂေလိလုပ်ငန်း လုပ်ဆောင် သောသူများ၊ သင်းအုပ်ဆရာ သွန်သင်ခြင်းလုပ်ငန်းလုပ်ဆောင်သူများ၊ တမန်တော်များနှင့် ပရောဖက်များကို ပြောလိုခြင်းဖြစ်သဉ်ဟု ကျွန်တော်ယုံကြည်မိပါသည်။ ထို့ကြောင့်အသင်းတော် တစ်ပါးထက် ပိုများသောအသင်းတော်များ အုပ်ချုပ်ရန် သီးသန့်ရွေးချယ်ခြင်းခံရသော ပုဂ္ဂိုလ်တစ် ချို့ရှိသည်။ ထိုသူတို့က တစ်ခြားလုပ်ငန်းကောင်းမွန်စွာ လုပ်ကိုင်ရန် အချိန်ရှိလိမ့်မည် မဟုတ် ပေ။ သူတို့သည် သန်းကြွယ်သူဌေးများမဟုတ်ပေ။ သို့မဟုတ် သူတို့သည် ဘာမျှလိုလေသေး မရှိအောင်ကောင်းမွန်စွာ ထောက်ပံ့ပေးနိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းရှိလိမ့်မည် မဟုတ်ပေ။ သူတို့သည် တခြားနေရာများသို့ သွား၍ ရံပုံငွေရှာဖို့ရန်အတွက် လိုအပ်ပါလိမ့်မည်။

ထိုသို့ဆိုသော် တခြားဆန့်ကျင်ဘက်မှ စဉ်းစားပါက ကျွန်ုပ်တို့ကျမ်းစာထဲ၌ တွေ့ရှိပုံရ သောအကြောင်းသည် တကယ်တမ်းကျတော့ လုပ်ဆောင်သောသူတို့က လုပ်အားခရထိုက်သည်ဖြစ် သော်လည်း (ဤကဲ့သို့သောသူများက အခွန်ဆောင်ရန်နှင့် မိသားစုထောက်ပံ့ရန် လိုအပ်လျက်ရှိ သည်) သာသနာလုပ်ငန်းနှင့် ကင်းလွတ်ခြင်းအခွင့်မရှိပေ။ ထို့ပြင် ဓမ္မသစ်ကျမ်းထဲတွင် သာသနာလုပ်ငန်းတွင် ပါဝင်သူတို့၏ လုပ်အားခဟူ၍ မတွေ့ရပေ။ တကယ်တမ်းကျတော့ အသင်းတော်၌ လူတစ်ချို့သာသနာလုပ်ငန်းတွင် ခန့်အပ်ထားခြင်းသည် ဓမ္မသစ်ကျမ်း၏ သွန်သင်မှုကို လုံးဝထည့်သွင်းလုပ်ဆောင်ခြင်း ပင်ဖြစ်ပါသည်။ ကျွန်တော်ခင်ဗျားတို့ကို ပြောပါရ စေ။ ဤအကြောင်းနှင့်ပတ်သက်၍ လူတစ်ယောက်သည် သာသနာလုပ်ငန်း လုပ်ဆောင်ရန် ခေါ် ခြင်းခံရသည်ဟု သိရှိခံစားပြီး ၎င်းကြောင့် တခြားခန့်အပ်သော အဖွဲ့အစည်းမှသူရရှိမည့် လစာ ဖြတ်တောက်ခဲ့လျှင် ထိုသူတို့၏ လိုအပ်မှုအားလုံးကို ဘုရားသခင်ကထောက်ပံ့ပေးနိုင်သည်ဟု ဘုရားသခင်ကို ခိုင်မာစွာယုံကြည်ရမည်။ ဟုတ်ပါသည်။ ၎င်းထောက်ပံ့ကြေးကို ဘုရားသခင်၏ လူများထံမှရရှိသော အလှူဒါနဖြစ်ပါသည်။ အချိန်ပြည့်အမှုတော်ဆောင်တစ်ဦးက ငွေကြေးရရှိရေး အတွက် တခြားလုပ်ငန်းများလုပ်ကိုင်ရန် ကြိုးစားအားထုတ်ခြင်း မလိုအပ်ပေ။ အဘယါကြောင့် ဆိုသော် ထိုကဲ့သို့ပြုပြင်ခြင်းသည် သမ္မာကျမ်းစာသွန်သင်ခြင်းနှင့် ကိုက်ညီမှုမရှိပေ။ သမ္မာကျမ်း စာက အမှုတော်ဆောင်များသည် လုပ်အားခမယူဘဲ အမှုတော်ဆောင်ရမည်ဟု ဖော်ပြထားပါသည်။

ကျွန်တော်ကိုယ်တိုင် အမှုတော်မြတ်ထဲတွင် အချိန်ပြည့်အမှုတော်ဆောင်အဖြစ် ပါသင်ခြင်းသည် အနှစ်နှစ်ဆယ်ရှိပါပြီ။ ကျွန်တော်သည် လုပ်အားခမရပေ။ ရံပုံငွေလည်းကောက်ခံခြင်းမရှိ ပေ။ ရရှိသော ရံပုံငွေများကိုလည်း ကျွန်ုပ်အတွက်ဖြစ်သည်ဟု မတောင်းဆိုခဲ့ပေ။ ကျွန်ုပ်၏ အသုံးစရိတ်များကိုလည်း စာရင်းရေးဆွဲ၍ မဖော်ပြခဲ့ပေ။ စာရေး၍ ထိုစာထဲတွင် ဆုတောင်းခံချက်များ ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။ ကျွန်ုပ်၏ လိုအပ်မှုများကို တနည်းမဟုတ်တနည်းအားဖြင့် တစ်ခြားသူများထံတင်ပြ၍ မသိစေခဲ့ပေ။ ကျွန်တော်သည် မိမိကိုယ်ကိုထောက်ပံ့ပြီး ကိုယ်တော်က ကျွန်တော့်အတွက်ပြုစုရမည့်အမှု ဟူသမျှ ကျွန်တောယုံကြည်သည်ဟု တုန့်ပြန်ခဲ့သည်။ အသင်းတော်၌ သင်တန်းပို့ချသောအခါ ကိုယ်တိုင်ကားမောင်းပြီးသွားရသည်။ ကျွန်ုပ်၏ ဇနီးသည်နှင့် သမီးတို့အလုပ်လုပ်ရန် state (အမေရိကန်) သို့ ခေါ်ဖိတ်ခြင်းခံသည့်အခါတွင် ကျွန်ုပ်ကိုယ်တိုင် လေယာဉ်လက်မှတ် ဝယ်ရသည်။ ကျွန်တော်သည် အခမယူဘဲအလုပ်လုပ်ပါက ဘုရားသခင်က ကျွန်ုပ်တို့၏ဆုတောင်းသံများကို နားညောင်းအဖြေပေးခြင်းအားဖြင့် ကျွန်တောည်နှင့် ကျွန်တော်တို့မိသားစု လိုအပ်မှုတွေကို ကိုယ်တော်ကထောက်ပံ့ခဲ့သည်ဟု ကျွန်တော်လက်တွေ့ ခံစားသိရှိခဲ့ပါသည်။ ၎င်းကို “ယုံကြည်ခြင်းအားဖြင့် သင့်လျော်စွာအသက်ရှင်ခြင်း” ဟု ကျွန်တော် ခေါ်သည်။ “ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်း၊ အရိပ်အမြွတ်ပြသခြင်း၊ ဆုတောင်ခံချက်တင်ပြခြင်းနှင့် ငွေကြေးကောက်ခံခြင်း” တို့နှင့် ဆန့်ကျင်ဘက် ဖြစ်ပါသည်။

## ရှင်ပေတရုဩဝါဒစာပဌမစောင်အခန်းကြီး ၅
## First Peter Chapter 5

၁ပေ ၅း၂ ထဲတွင် ပေတရုကသင်တို့နှင့်အတူရှိသော ဘုရားသခင်၏သိုးစုကို ထိန်းခြင်းအမှုမှာ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းပြီး မစ်ကြယ်စောစီးပွားကို တပ်မတ်သောကြောင့်မဟုတ်ဟု သင်းထောက်လူကြီးတို့ကို တိုက်တွန်းခြင်းဘာကို ဆိုလိုသနည်း။ “မစင်ကြယ်သော စီးပွား” ကို ဂရိစကားလုံးဖြင့် Aischrokerdos ဟု ခေါ်သည်။ Aischros ၏ အဓပ္ပာယ် သည် ရှက်ကြောက်ခြင်းသို့မဟုတ် အမင်္ဂလာဖြစ်သည်။ Kerdos ၏ အဓပ္ပာယ်သည် ရရှိခြင်း သင့်တော်ခြင်း (သို့) ကောင်းကျိုးများဖြစ်ထွန်းခြင်းကို ဆိုလိုသည်။ ၎င်းအသုံးအနှုန်းနှင့် ပတ်သက်၍ Aischrokerdes ကို တိတု ၁း၇ ထဲတွင်လည်းတွေ့ရသည်။ ဤကျမ်းပိုဒ်ထဲတွင် သင်းထောက်လူကြီးများကို “မစင်ကြယ်စောစီးပွားမနှစ်သက်” ရန် တောင်းဆိုခဲ့သည်။ ၁တိ ၃း၃ တွင်လည်း သင်းအုပ်လူကြီးတို့က ငွေကြေးလိုခြင်တပ်မက်သော စိတ်မရှိရန် တောင်းဆိုထားခြင်း ကို နောက်တဖန်တွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် Aischrokerdes သည် ငွေကြေးတပ်မက်လိုချင်သောစိတ်ကို ဖော်ပြလိုခြင်းပင်ဖြစ်သည်။ R.C.H.Lenski (The Interpretation of the Epistles of st. Peter, ) က ဤသို့ပြောထားပါသည်။ သင်းထောက်လူကြီးများက လုပ်ငန်းနှစ်ခုကို ကိုင်တွယ်လုပ်ဆောင်သောကြောင့် သင်းထောက်လူကြီးတို့က သင်တို့၏ရထူးကို အလွဲသုံးစားပြု ကာ ဗိမာန်တော်ကို ကုန်သွယ်ခြင်းပြုသော ကုမ္ပဏီအဖြစ်အသုံးမပြုရန် သတိပေးထားခြင်းဖြစ် သည်ဟု ဖော်ပြထားပါသည်။ (ပထမဆုံးဗိမာန်တော်၌ လူမှုရေးနှင့်စီးပွားလုပ်ငန်းများ လုပ်ဆောင် ရန် လူဘယ်လောက်လေ့ကားပေါ်သို့ ခြေလှမ်းလှမ်းခဲ့ကြသနည်း။) ပေတရု၏သတိပေးခြင်းက ငွေးကြေးသည် သင်းထောက်လူကြီးများ၏ သာသနာလုပ်ငန်းတွင် ဒွန်တွဲ၍ပါလာတတ်သည်ကို အကြံပြုလိုခြင်းသည်။ ထို့ကြောင့် သင်းထောက်လူကြီးများအတွက် ငွေကြေးသည် ကောင်းသောခံယူချက်မဟုတ်တော့ပေ။ ထို့နောက်ပေတရု၏ စကားလုံးထဲကို ကြည့်သောအခါတွေ့ရှိနိုင်သော

အရာတစ်ခုသည် သူသတိပေးထားသည့်အတိုင်း သင်းထောက်လူကြီးတို့က ငွေကြေးရရှိရေးအ တွက် သူတို့၏အစွန်းအစများကို အသုံးပြုကာ စွန့်စားခြင်းဖြစ်သည်။ သူတို့သည် သင်းထောက်လူကြီးတစ်ပါးကဲ့သို့ သာသနာလုပ်ငန်းတွင် ပါဝင်ခြင်းမရှိတော့ပေ။

**ပေါင်းစည်းခြင်း**
**Synthesis**

ပထမအနေနှင့် သတင်းကောင်းဝေငှ သက်သေခံသောသူများ (ဧဝံဂေလိဆရာများ) က သတင်းကောင်းကို မှီခို၍ အသက်မွေးရမည်ဟု သခင်ယေရှုက မိန့်ဆိုခဲ့ပါသည်။ ပေါလုက တမန်တော်များထံ ဥပမာပေး၍ ရှင်းပြသောအခါ ဤတူညီသောအချက်ကို ဖော်ပြခဲ့ပါသည် (၁ကော ၉)။ နောက်ဆုံးအနေနှင့် ၎င်းကို အရည်အချင်းပြည့်မီသော သင်းထောက်လူကြီးများကို ပြောလိုခြင်းဖြစ်သည် (၁တိ ၅)။ ၁ကော ၉ ထဲတွင်လည်း ဤအချက်များကိုပင် ဖော်ပြထားသည်ကို တွေ့ရသည်။ တမန်တော်ဝတ္ထုအခန်းကြီး ၂၀ သည် ယေဘုယျအားဖြင့် သင်းထောက်လူကြီးများကို မှာကြားလိုခြင်းဖြစ်သည်။ သာမာန်အားဖြင့် သင်းထောက်လူကြီးတို့သည် အလုပ်အကိုင်နှစ်မျိုးရှိနိုင်ပြီး သို့မှသာလျှင် အသင်းတော်မှငွေကြေးရရှိမည့်အစား အသင်းတော်ကို ငွေးကြေးဖြင့် ထောက်ပံ့နိုင်မည်ဖြစ်သည်။ ချွတ်ကွင်းချက်တစ်ခုကတော့ ယေဘုယျအားဖြင့် ၁တိ ၅ ဖြစ်သည်။ ဤကျမ်းပိုဒ်ထဲတွင် ဖော်ပြထားသော သင်းထောက်လူကြီးများတို့သည် "အသင်းတော်၏ကိစ္စရပ်များကို ကောင်းမွန်စွာညွှန်ကြား" ရုံသာမက နှုတ်ဖြင့်ဆုံးမခြင်းနှင့်အယူဝါဒဖြန့်ချီရာတွင် "ကြိုးစားသူများ" ဖြစ်ခဲ့ကသည် (၅း၁၇)။ သင်းထောက်လူကြီးအားလုံးတို့သည် ဂုဏ်ပြုရန်ထိုက်တန်ကြသော်လည်း (၁သက် ၅း၁၂–၁၃) သင်းထောက်လူကြီးတစ်ချို့တို့သည် နှစ်ဆသောဂုဏ်ပြုခြင်းကိုခံထိုက်သည်။ ၎င်းနှစ်ဆသော ဂုဏ်ပြုခြင်းသည် အသင်းတော်မှ ငွေကြေးထောက်ပံ့ခြင်းကို ဆိုလိုခြင်းဖြစ်နိုင်ချေရှိသည်။ ထို့နောက် သင်းထောက်လူကြီးတို့သည် ဘယ်လိုမျိုးနည်းလမ်းအားဖြင့် ဝင်ငွေရစေကာမူ (အပြင်ဘက်လုပ်ငန်းမှရရှိသည်ဖြစ်စေ၊ ပေးလှူခြင်းမှရရှိသည်ဖြစ်စေ) သူတို့သည် မရှိဆင်းရဲသားများကို ကူညီထောက်ပံ့ရမည်ဖြစ်သည်။ တမန် ၂၀ ကို ၁တိ ၅ ရှုထောင့်မှကြည့်လျှင်နှစ်ဆသောဂုဏ်ပြုခြင်းကို ခံထိုက်သော သင်းထောက်လူကြီးများပင် (ငွေကြေးကူညီရထိုက်သောပုဂ္ဂိုလ်) သူတို့နေသောအသင်းတော်အခြေအနေကပေးလျှင် တခြားလုပ်ငန်းလုပ်ကိုင်ဖို့ရန်အတွက် သင်တန်းတက်ရမည်ဖြစ်ပြီး ၎င်းလုပ်ငန်းလုပ်ကိုင်ရန်လည်း ဆန္ဒရှိလိမ့်ကမည် ဖြစ်ပါသည်။ (ဥပမာအားဖြင့် စီးပွားရေးအကျပ်အတည်း ကြုံတွေ့သည့်အချိန် အလွန်သေးငယ်သော အသင်းတော်များတွင် ပါဝင်သည့်အချိန် … စသဖြင့်)။

**သတိပေးခြင်း**
**Cautions**

၁. သင်းထောက်လူကြီးများကို အသင်းတော်မှ ဂုဏ်ပြုခြင်းနှစ်ဆပေးသင့်သည်ဟု အကြံပြုခြင်းသည် ထိုဂုဏ်ပြုခြင်းနှစ်ဆရရှိသော သင်းထောက်လူကြီးတို့သည် တခြားသောသင်းထောက်လူကြီးများထက်ရာထူးအဆင့်အတန်း ပို၍မြင့်မားသည်ကို မဆိုလိုပေ။ သင်းထောက်လူကြီးတစ်ချို့တို့သည် တခြားသောသင်းထောက်လူကြီးတို့ထက် ပိုများသောဆုကျေးဇူး ရရှိတတ်သည်။ ပို၍ဉာဏ်လွှမ်းမိုးနိုင်သည်။ သို့သော် ဓမ္မသစ်ကျမ်းထဲတွင် သာ၍ရာထူးကြီးမြတ်သောသင်းထောက်လူကြီးဟူ၍ မရှိပေ။ သင်းထောက်လူကြီးများရွေးချယ်ရာတွင်လည်း ရာထူးအဆင့်အတန်းပေးအပ်ခြင်း မရှိပေ။
၂. ဂုဏ်ပြုခြင်းနှစ်ဆခံထိုက်သော သင်းအုပ်ဆရာများသည် ၁ကော ၁၄ ထဲတွင် ဖော်ပြထားသော အစည်းအဝေးကို လွှမ်းမိုးသူများဖြစ်သည်။ နှုတ်ကပတ်တော်လေ့လာ သင်ကြားနိုင်ဖို့ရန်အတွက် ငွေကြေးထောက်ပံ့မှုရရှိသော သင်းထောက်လူကြီးတို့သည် သင်ကြားပို့ချရာတွင် တခြားသူများထက် အချိန်ပိုပေးဆပ်ရန်လိုအပ်သည်။ ထိုကဲ့သို့ပေးဆပ်ဖို့ရန်လည်း

သင့်တော်သည်။ ၎င်းသင်းကြားပို့ချခြင်းကို တခြားသောညီအစ်ကိုများ မလုပ်ဆောင်နိုင်သောအရာဖြစ်သည်။ ၎င်းက ယုံကြည်သူများ၏ ယဇ်ပုရောဟိတ်ဖြစ်ခြင်းကို ဖျက်ဆီးခြင်းမဟုတ်ပေ။ ၁ကော ၁၄း၂၆ ထဲတွင် ဖော်ပြထားသောဝိညာဉ်တော်ကိုလည်း ပုန်ခြင်းမျိုးမဟုတ်ပေ။ ဤကဲ့သို့တွေ့ဆုံခြင်းတို့သည် သင်းအုပ်ဆရာကိုသာ အဓိကပုဂ္ဂိုလ်အဖြစ်ထားရှိခြင်း မဟုတ်ပေ။ သို့သော်ကျမ်းစာလေ့လာရာတွင်၎င်း၊ တမန်တော်များတွေ့ဆုံသည့်နေရာတွင်၎င်း သွန်သင်ခြင်းဆုကျေးဇူးရရှိသော သင်းထောက်လူကြီးများပေါ်ပေါက်လာပါလိမ့်မည်။

၃။ ဖေက် ၄ ထဲတွင် ဖော်ပြထားသော သွန်သင်ခြင်းအမှုကိုပြုသော သင်းအုပ်ဆရာတို့သည် မြို့ထဲတွင်ရှိသော အသင်းတော်အားလုံး၌ ထိုအမှုကိုပြုသည်ဟု မဆိုလိုခဲ့ပေ။ သို့ရာတွင် သူသည်မြို့ထဲတွင်ရှိသော အသင်းတော်အားလုံး၌ အစေခံဖြစ်သည်။ Beresford Job ဖော်ပြထားသည့်အတိုင်း ပို၍ကြီးသောတာဝန်ကို ထမ်းဆောင်သူပို၍မရှိချေ။

၄။ အကယ်၍ အရည်အချင်းပြည့်မီသော သင်းထောက်လူကြီးများက သူတို့၏သာသနာလုပ်ငန်းကို မှီခို၍ အသက်မွေးဝမ်းကျောင်းပြုသည်ဟု သက်သေအထောက်အထားရှိပါက အမှုတော်ဆောင် ခရစ်ယာန်ဘုန်းကြီးအဖွဲ့နှင့် သာမန်ယုံကြည်သူအဖွဲ့ဟူ၍ ရှိလိမ့်မည်မဟုတ်ပေ။ တစ်ခုလုံးကို ချုံပြီးကြည့်ပါက အသင်းတော်ထဲတွင် ဩဇာအာဏာက နေရာယူထားပါသည်။ တကယ်တမ်းနေရာယူသူသည် ခေါင်းဆောင်များမဟုတ်ပေ။ ဦးဆောင်သူများသည် နှိမ့်ချသောအစေခံကဲ့သို့ မဖြစ်ရပေ။ Rusty Entrekin က ဤကဲ့သို့ သတိပေးထားပါသည်။ "သင်းအုပ်ဆရာသွန်သင်သူတို့သည် အစေခံကဲ့သို့ ဖြစ်ရမည်။ သို့သော် အထူးသဖြင့် ဘုန်းတော်ကြီးများကဏ္ဍခွဲခြားရာတွင် မဟုတ်၊ သင်းအုပ်ဆရာ သွန်သင်သူမဟုတ်သောသူများသည် အထူးသဖြင့် အစေခံကျွန်ကဲ့သို့ သင်းအုပ်ဆရာသွန်သင်သူများထက် သာလွန်စွာ အမှုတော်ဆောင်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယခုခေတ်ကာလဖွဲ့စည်းထူထောင်သောအသင်းတော်၌ ကျွမ်းကျင်သောသင်းအုပ်ဆရာများကိုသာ အထင်ကြီး၍ လေးစားကြသောကြောင့်ဖြစ်သည်။ သို့သော် သင်းအုပ်ဆရာသွန်သင်သူများက မိမိ ကိုယ်ကို ဤကဲ့သို့မထင်မှတ်လျှင် ဤကဲ့သို့မမြင်လျှင် သူသည်မိမိကိုယ်ကို အစေခံကျွန် အဖြစ်အမှုတော်ထမ်းဆောင်နိုင်ရန်အတွက် မသိမသာဖြည်းညှင်းစွာ သူ၏နှလုံးသားထဲ တွင်ကျွန်စိတ်ဓာတ်ထားရှိနိုင်ပါလိမ့်မည်။ ၁ ရာစုနှောင်းပိုင်းနှင့် ၂ ရာစုအစောပိုင်း၌ ရှိသောစိတ်သဘောထားကောင်းမွန်သော၊ ဖြူစင်သော၊ စိတ်အားထက်သန်သော ယုံကြည်သူများသည် အသင်းတော်ကိုရာထူးပြိုင်ဆိုင်သည့်နေရာအဖြစ် တွေးတောကြသည်။ အများဆန္ဒလက်ခံသောပညာ၊ ရာစုအလိုက်ပေါ်ပေါက်သောဓလေ့ထုံးစံနှင့် ကျွန်ုပ်တို့ကိုဝိညာဉ်ပိုင်းဆိုင်ရာ ပျော်မွေ့ခြင်းပေးသော တရားဒေသနာတို့ကို ဆက်ခံရန်ဘယ်လောက်လွယ်ကူသည်ကို သင်တွေးမိနေသလား။ သူတို့၏ ဘုရားသခင်ပေးထားသော ယဇ်ပုရောဟိတ်ဖြစ်ခြင်းအခွင့်အရေးကို မရှုံးဆုံးဖို့ရန်နှင့် သူတို့၏ အခွင့်အရေးကို မစွန့်လွှတ်ခြင်းအတွက် တိုက်တွန်းရန်ကျွန်ုပ်တို့ သတိပြုစွာ လုပ်ဆောင်ရမည်။

## နိဂုံးချုပ်ခြင်း
## Conclusion

အသင်းတော်၌အချိန်ပြည့် သင်းထောက်လူကြီးများနှင့်ပတ်သက်၍ မည်သည့်ခံယူချက်ဖြင့်အဆုံးသတ်ရမည်နည်း။

၁။ ဓမ္မသစ်ကျမ်းထဲ၌ ဖော်ပြထားသောသမိုင်းအရ အချိန်ပြည့်သင်းထောက်လူကြီးများကို ဖျက်သိမ်းခြင်းသို့မဟုတ် ရွေးချယ်ခြင်းမတွေ့ရပေ။ ဖွင့်ဟပြောဆိုခြင်းလည်း မတွေ့ရပေ။

၂. တမန် ၂၀ ထဲတွင် ယေဘုယျအားဖြင့် မိမိလိုအပ်မှုများကို မိမိကိုယ်ကိုထောက်ပံ့ရန်အ တွက် ပေါလုပြသခဲ့သော နမူနာကို လိုက်လျှောက်ရန်သင်းထောက်လူကြီးများကို တောင်းဆိုထားပါသည်။ သင်းထောက်လူကြီးတို့သည် အသင်းတော်မှရရှိခြင်းထက် အသင်းတော်သို့ ရွှေ ငွေ နှင့် လက်ဝတ်ရတနာပစ္စည်းဥစ္စာပေးအပ်သော အဆင့်ရှိရန် တိုက်တွန်းခဲ့ပါသည်။

၃. သင်းထောက်လူကြီးအားလုံးကို ရိုသေလေးစားရမည် ၁သက် ၅။

၄. အုပ်ချုပ်ခြင်းနှင့်သွန်သင်ခြင်းအမှုကို ကောင်းမွန်းစွာ ဆောင်ရွက်နိုင်သော အရည်အချင်း ရှိ သင်းထောက်လူကြီးတို့သည် နှစ်ဆသောဂုဏ်ပြုခြင်းကို ခံထိုက်သည်။ (အလိုလို ငွေ ကြေးထောက်ပံ့မှုရရှိခြင်း၊ ၁တိ ၅)။

၅. သင်းထောက်လူကြီးတို့သည် သာသနာလုပ်ငန်းမှ “မစင်ကြယ်သောစီးပွား” ရှာဖို့ရန် ဆန္ဒ ရှိခြင်းအားဖြင့် လှုပ်ရှားမှုမရှိသင့်ပေ။ (ဥပမာအားဖြင့် ငွေကြေးရရှိဖို့အတွက် သူ၏ရာထူး ကို အသုံးပြုကာစီးပွားရှာခြင်းသို့မဟုတ် ရှေ့နေအမှုတော်ဆောင်ရွက်ခြင်းမျိုး မလိုအပ်ပေ၊ ၁ပေ ၅)။

၆. ၁ကော ၉ ထဲ၌ ဖော်ပြထားသောသည့်အတိုင်း ဧဝံဂေလိလုပ်ငန်းလုပ်ဆောင်သူများ၊ တမန်တော်များ၊ သင်းအုပ်ဆရာ သွန်သင်ခြင်းလုပ်ငန်းဆောင်ရွက်သူများနှင့် သင်းထောက် လူကြီးများတို့ကို ငွေကြေးဖြင့်ထောက်ပံ့ရန် လိုအပ်သည်။ ဓမ္မသစ်၏ တည်ဆောက်ပုံ စနစ်သည် လူတွေကိုပေးကမ်းခြင်းဖြင့် ထောက်ပံ့ခြင်းဖြစ်သည်။ အိမ်မြေကွက်များပိုင်ဆိုင် ခြင်းကိုသာ ရောင့်ရဲခြင်းမျိုး မဟုတ်ပေ။ ဘုရားသခင်က အရေးကြီးသည်ဟု ထင်မှတ်ည့် နေရာတွင် သင့်ဘဏ္ဍာများကို ပေးလှူပါ။

**- *Steve Atkerson***